# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

August 24, 2020 Volume 34, Number 15


၂၄.၈.၂၀၂၀

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၃၄ US$ |
| မြန်မာ့ရွှေဈေး | = ၁၃၀၃၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၃၆၉/- ကျပ် |
| CBM Rate | = ၁၃၅၈.၈ ကျပ် |
| ယူရို တစ်ယူရို | = ၁၆၀၅.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၉၂.၂၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၇၈.၇ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၈၃.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၇၆.၂၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၆.၅၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၃၂၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၄.၄၃ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၅.၃၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၃.၁၉၈ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


### နိုင်ငံတကာဈေးကွက်တွင် မြန်မာ့ကော်ဖီ၏ အနံ့အရသာ တန်းဝင်ပစ္စည်းဖြစ်လာမှုနှင့်အတူ အော်ဂဲနစ်ထွက်ကုန်အဖြစ် ဈေးကွက်၏ စိတ်ဝင်စားမှုကိုလည်းရရှိနေ

နိုင်ငံတကာဈေးကွက်တွင် မြန်မာ့ကော်ဖီ၏ အနံ့အရသာကို တန်းဝင်ပစ္စည်းအဖြစ် သုံးစွဲလာမှုနှင့်အတူ အော်ဂဲနစ်ထွက်ကုန်တစ်ခုအဖြစ် ဈေးကွက်၏ စိတ်ဝင်စားမှုရရှိနေပြီဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ–ရာသီသီးနှံဌာနခွဲနှင့် ကရင်ပြည်နယ်ဦးစီးမှူးရုံးတို့ပူးပေါင်း၍ သံတောင်ကြီးမြို့နယ်၌ ဩဂုတ်လ ၂၀ ရက်က ပြုလုပ်ခဲ့သည့် သံတောင်ကြီးမြို့နယ်ရှိ ကော်ဖီစိုက်တောင်သူများအတွက် ကော်ဖီပျိုးပင်နှင့်လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ပြောကြားသည်၊

သံတောင်ကြီးဒေသကို အခြေပြုပြီး အော်ဂဲနစ်ဇုန်တစ်ခုအဖြစ် ထူထောင်၍ မင်းကွတ်၊ ကျွဲကော၊ လိုက်ချီးအစရှိသည့် ဝင်ငွေရသီးနှံများ စိုက်ပျိုးထုတ်လုပ်သည့် ဒေသတစ်ခုဖြစ်ပေါ်လာရေးကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ပြီး ရေ၊ မြေရာသီဥတု သင့်တော်သည့်ဒေသများတွင် ကော်ဖီသီးနှံကို စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်နိုင်စေရန် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်ကော်ဖီပျိုးပင်များ အသုံးပြုနိုင်ရေးအပြင် နည်းပညာအကူအညီများကိုလည်း ဆက်လက်ပံ့ပိုးပေးသွားမည်ဖြစ်၍ တောင်သူများ၊ လုပ်ငန်းရှင်များအနေဖြင့်လည်း မြန်မာ့ကော်ဖီကဏ္ဍ အရှိန်အဟုန်ကောင်းစွာဖွံ့ဖြိုးလာစေရေး ဝိုင်းဝန်းကြိုးပမ်းပေးကြပါရန်လည်း တိုက်တွန်းပြောကြားခဲ့သည်။

ကော်ဖီပျိုးပင်နှင့် လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲတွင် စိုက်ပျိုးရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ ကော်ဖီအသင်းတို့မှတာဝန်ရှိသူများ၊ ကော်ဖီလုပ်ငန်းရှင်များ၊ ကော်ဖီစိုက်တောင်သူများတက်ရောက်ခဲ့ပြီး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ကော်ဖီပျိုးပင်များအပြင် မိသားစုအိမ်ခြံဝင်းစိုက်ခင်းများ ထူထောင်စိုက်ပျိုးနိုင်ရန် ဟင်းသီးဟင်းရွက်မျိုးစေ့များ၊ သဘာဝမြေဩဇာ၊ တမာပိုးသတ်ဆေးနှင့်စိုက်ပျိုးရေးသုံးပစ္စည်ကိရိယာများကို တောင်သူကိုယ်စားလှယ်များထံပေးအပ်သည်။

သံတောင်ကြီးမြို့နယ်သည် အမြင့်ပေ ၄၀၀၀ ကျော်တွင်ရှိ၍ ကုန်းမြင့်ကော်ဖီစိုက်ပျိုးရန် သင့်တော်သဖြင့် အရည်အသွေးမြင့်ပြီး အထွက်နှုန်းကောင်းမွန်သော ကော်ဖီများထုတ်လုပ်နိုင်စေရန် ကော်ဖီပျိုးပင် ၃၀၀၀၀ နှင့်အတူ ကော်ဖီစိုက်ကျင်းတူးကိရိယာ (Auger)၊ ကော်ဖီသီးမှည့် အခွံချွတ်စက်၊ ကော်ဖီသီးလှန်းစင်များ၊ ကော်ဖီသီးအချိုဓာတ်တိုင်းကိရိယာ (Refractometer)၊ ကိုင်းဖြတ်ကတ်ကြေး၊ ကိုင်းဖြတ်လွှ၊ ကိုင်းဖြတ်ဓားများ၊ ဟင်းသီးဟင်းရွက်မျိုးစေ့များ၊ သဘာဝမြေဩဇာနှင့်တမာပိုးသတ်ဆေးများ၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု လက်စွဲစာစောင်များ၊ ကော်ဖီသီးနှံ GAP Guideline စာအုပ်များ၊ မှိုမျိုးစုံစိုက်ပျိုးထုတ်လုပ်နည်းစာအုပ်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်းသိရသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS

## အိန္ဒိယသို့ မတ်ပဲတန်ချိန်လေးသိန်းတင်ပို့မှု အချိန်တိုးပေးရန်တောင်းဆိုထားသော်လည်း အကြောင်းမပြန်သေး

အိန္ဒိယသို့ မတ်ပဲတန်ချိန်လေးသိန်းတင်ပို့မှု အချိန်တိုးပေးရန် တောင်းဆိုထားသော်လည်း အကြောင်းမပြန်သေး ကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်းမှအတွင်းရေးမှူး ဦးမင်းကိုဦးကပြောသည်။ "အိန္ဒိယဘက်က ဒီမတ်ပဲတန်ချိန်လေးသိန်းကို နောက်ထပ် Extension ပေး/မပေးဆိုတာ ခုချိန်ထိ တိတိကျကျတော့ မထွက်လာသေးဘူး။ ဒါပေမယ့် အိန္ဒိယကုန်သည်တော်တော်များများကတော့ ဒီ Extension တစ်ကြိမ်တော့ ပေးနိုင်တယ်ဆိုပြီး သုံးသပ်တာပေါ့လေ။ ဒါပေမယ့် ပေး/မပေးဆိုတာတော့ ကျွန်တော်တို့လည်း ဒီလမကုန်ခင်တော့ စောင့်ကြည့်ရမယ်" ဟု ဦးမင်းကိုဦးကပြောသည်။

အိန္ဒိယအစိုးရအနေဖြင့် ယခင်က ပြည်ပမှတင်သွင်းမည့် မတ်ပဲတန်ချိန်လေးသိန်းကို လာမည့် ၂၀၂၁ ခုနှစ် မတ်လအတွင်း အပြီးတင်သွင်းရမည်ဟု ကြေညာခဲ့သော်လည်း မေ ၂၂ ရက်ကမူ အချိန်သုံးလအတွင်း အပြီးတင်သွင်းရမည်ဟု အသိပေးစာထုတ်ပြန်၍ မူဝါဒထပ်မံပြောင်းလဲလိုက်ခြင်းဖြစ်သည်။

ထိုသို့ အိန္ဒိယ၏ ပဲတင်သွင်းမှုမူဝါဒအပြောင်းအလဲကြောင့် မတ်ပဲတန်ချိန်လေးသိန်းကို ယခုလကုန်အတွင်း အပြီးတင်သွင်းရမည်မှာ မဖြစ်နိုင်သည့်အပြင် ပြည်တွင်းမှာလည်း ပဲအလုံအလောက်မရှိကြောင်း၊ လက်ရှိပြည်တွင်း မတ်ပဲလက်ကျန်မှာလည်း တန်ချိန်နှစ်သိန်း၊ နှစ်သိန်းခွဲဝန်းကျင်သာရှိကြောင်း၊ လက်ရှိအခြေအနေအရ အိန္ဒိယသို့တင်ပို့ရမည့် မတ်ပဲတန်ချိန်လေးသိန်းအနက် တန်ချိန်တစ်သိန်းခန့်သာ တင်ပို့နိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်အသင်းထံမှသိရသည်။

သို့ဖြစ်၍ အိန္ဒိယသို့ မတ်ပဲတင်ပို့မှုအတွက် အချိန်တိုးပေးရန် အိန္ဒိယသံရုံးနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို မြန်မာနိုင်ငံ ပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်းက တောင်းဆိုထားခြင်းဖြစ်သည်။

လက်ရှိ ပဲဈေးကွက်အတွင်း၌လည်း ဈေးနှုန်းအပြောင်းအလဲမရှိဘဲ မတ်ပဲတစ်တန် လျှင်ငွေကျပ် ၉၅၀၀၀၀ ခန့်ရှိပြီး ပဲစင်းငုံတစ်တန် လျှင်ငွေကျပ် ၈၀၂၅၀၀ ခန့်ရှိကြောင်း ဈေးကွက်အတွင်းမှသိရသည်။

အိန္ဒိယနိုင်ငံမှ အဓိကဝယ်ယူမည့် မတ်ပဲသည် မြန်မာနိုင်ငံကသာ အဓိကစိုက်ပျိုးပြီး အခြား ပဲစင်းငုံ၊ ပဲတီစိမ်း၊ စားတော်ပဲများကိုမူ မြန်မာနိုင်ငံအပြင် အာဖရိကတိုက်နှင့်ဩစတြေးလျနိုင်ငံများ၌လည်း စိုက်ပျိုးကြကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်းထံမှသိရသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS

## ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ပြည်တွင်းပုဂ္ဂလိကဘဏ်သစ်သုံးဘဏ် အရှုံးပေါ်ခဲ့သော်လည်း ဘဏ်လုပ်ငန်းကဏ္ဍတစ်ခုလုံး၌ ကျပ် ၂၆၉ ဒသမ ၁၅ ဘီလျံကျော်အမြတ်ရရှိ



၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ပြည်တွင်းပုဂ္ဂလိကဘဏ်သစ်သုံးဘဏ်အရှုံးပေါ်ခဲ့သော်လည်း ဘဏ်လုပ်ငန်းကဏ္ဍတစ်ခုလုံး၌ ကျပ် ၂၆၉ ဒသမ ၁၅ ဘီလျံကျော်အမြတ်ရရှိခဲ့ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ချုပ် အစီရင်ခံစာအရသိရသည်။

ဘဏ်တစ်ဘဏ်၏ အားကောင်းသော ဝင်ငွေနှင့်အမြတ်ရရှိနိုင်မှု အခြေအနေသည် ဘဏ်၏လက်ရှိအခြေအနေနှင့် အနာဂတ်ဘဏ်လုပ်ငန်းတိုးတက်ကောင်းမွန်ရေးအတွက် အထောက်အကူပြုကြောင်းတွေ့ရှိရသည်။ အထူးသဖြင့် လုပ်ငန်းတွင်းဆုံးရှုံးနိုင်ခြေများလျော့နည်းစေပြီး လုံလောက်သော မတည်ရင်းနှီးငွေထည့်ဝင်နိုင်ခြင်း၊ လုပ်ငန်းချဲ့ထွင်နိုင်ခြင်းနှင့် အစုရှယ်ယာရှင်များအား လုံလောက်သောအမြတ်ခွဲဝေမှုပေးနိုင်သည်။ ဝင်ငွေနှင့်အမြတ်ခွဲဝေမှုအား တိုင်းတာရာတွင် နည်းလမ်းများစွာရှိသော်လည်း အကောင်းဆုံးနှင့်အများဆုံးအသုံးပြုသည့်ရည်ညွှန်းကိန်းမှာ မတည်ငွေရင်းအပေါ်တွင် အမြတ်ပြန်လည်ရရှိနိုင်မှုအခြေအနေ (ROE) နှင့် စုစုပေါင်းရရန်ပိုင်ခွင့်တွင် အမြတ်ပြန်လည်ရရှိနိုင်မှုအခြေအနေ (ROA) တို့ဖြစ်သည်။ ဝင်ငွေနှင့်ပတ်သက်၍ တိုင်းတာရာ၌ မတည်ငွေရင်းအပေါ်တွင် အမြတ်ငွေပြန်လည်ရရှိနိုင်မှုအခြေအနေနှင့် စုစုပေါင်းရရန်ပိုင်ခွင့်တွင် အမြတ်ပြန်လည်ရရှိနိုင်မှုအခြေအနေတို့မှာ ဘဏ်လုပ်ငန်း၌

ကွာခြားမှုကြီးမားကြောင်းတွေ့ရှိရသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ပြည်တွင်းပုဂ္ဂလိက ဘဏ်သစ်သုံးဘဏ်တွင် အရှုံးဖြစ်ပေါ်ခဲ့သော်လည်း ဘဏ်လုပ်ငန်းကဏ္ဍတစ်ခုလုံး၌ ကျပ် ၂၆၉၁၅ ဒသမ ၃၈ သန်း အမြတ်ဖြစ်ပေါ်ခဲ့သည်။ ထို့ပြင် ဘဏ်များအတွက် အနည်းဆုံးငွေကြေးလွယ်ကူမှုအချိုးလိုအပ်ချက်မှာ ရာခိုင်နှုန်း ၂၀ ရှိရမည်ဖြစ်ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပုဂ္ဂလိကဘဏ်များအနေဖြင့် ငွေကြေးလွယ်ကူမှုအချိုးပြည့်မီကြောင်း နိုင်ငံတော်ဗဟိုဘဏ်၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

၂၀၁၉ ခုနှစ် စက်တင်ဘာ ၃၀ ရက် တွင် ပုဂ္ဂလိကဘဏ်များသည် ဘဏ်စနစ်တစ်ခုလုံးရှိ စုစုပေါင်းရရန်ပိုင်ခွင့်များ၏ ၅၉ ဒသမ ၇၄ ရာခိုင်နှုန်း ပိုင်ဆိုင်ပြီး နိုင်ငံပိုင်ဘဏ်များသည် ၂၉ ဒသမ ၆၈ ရာခိုင်နှုန်းနှင့် နိုင်ငံခြားဘဏ်ခွဲများသည် ၁၀ ဒသမ ၅၈ ရာခိုင်နှုန်းပိုင်ဆိုင်ကြောင်းတွေ့ရှိရသည်။ ပုဂ္ဂလိကဘဏ်များ စုစုပေါင်းရပိုင်ခွင့်များတွင် ဘဏ်အလိုက်ပါဝင်သည့် ရာခိုင်နှုန်းများမှာ ကမ္ဘောဇဘဏ်က ၃၅ ဒသမ ၄၅ ရာ ခိုင်နှုန်း၊ ရှေ့ဝတီဘဏ်က ၁၇ ဒသမ ၇၈ ရာခိုင်နှုန်း၊ သမဝါယမဘဏ် (CB ဘဏ်) က ၁၆ ဒသမ ၀၃ ရာခိုင်နှုန်း၊ မြန်မာ့ရှေ့ဆောင် ဘဏ်က ၁၂ ဒသမ ၆၅ ရာခိုင်နှုန်း၊ ရိုးမဘဏ် က ၈ ဒသမ ၀၄ ရာခိုင်နှုန်း၊ မြဝတီဘဏ်က ၅ ဒသမ ၉၀ ရာခိုင်နှုန်း၊ ယူနိုက်တက်အမရ ဘဏ်က ၃ ဒသမ ၃၇ ရာခိုင်နှုန်း၊ အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်က ၃ ဒသမ ၀၄ ရာခိုင်နှုန်း၊ ကမ္ဘာ့ရတနာဘဏ်က ၂ ဒသမ ၆၄ ရာခိုင်နှုန်း၊ မြန်မာအရှေ့တိုင်းဘဏ်က ၁ ဒသမ ၇၈ ရာခိုင်နှုန်း၊ မြန်မာနိုင်ငံသားများဘဏ်က ၁ ဒသမ ၄၉ ရာခိုင်နှုန်း၊ နေပြည်တော်စည်ပင်ဘဏ်က ၁ ဒသမ ၂၉ ရာခိုင်နှုန်း၊ အင်းဝဘဏ်က ၁ ဒသမ ၂၃ ရာခိုင်နှုန်း၊ ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ်က ၁ ဒသမ ၁၃ ရာခိုင်နှုန်း၊ ရှေ့ဝတီ တောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ်က သုည ဒသမ ၈၉ ရာခိုင် နှုန်း၊ ပထမပုဂ္ဂလိကဘဏ်က သုည ဒသမ ၈၀ ရာခိုင်နှုန်း၊ ရွှေ (ကျေးလက်နှင့်မြို့ပြ) ဖွံ့ဖြိုးတိုးတက်ရေးဘဏ်က သုည ဒသမ ၇၆ ရာခိုင်နှုန်း၊ အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်က သုည ဒသမ ၇၀ ရာခိုင်နှုန်း၊ ထွန်းကော်မာရှယ်ဘဏ်က သုည ဒသမ ၆၀ ရာခိုင်နှုန်း၊ ရန်ကုန်မြို့တော်ဘဏ် က သုညဒသမ ၂၆ ရာခိုင်နှုန်း၊ ကျေးလက်ဖွံ့ဖြိုးရေးဘဏ်က သုည ဒသမ ၂၄ ရာခိုင်နှုန်း၊ မြန်မာအသေးစားငွေရေးကြေးရေးဘဏ်က သုည ဒသမ ၁၇ ရာခိုင်နှုန်း၊ မြန်မာ့ခရီးသွားဘဏ်က သုည ဒသမ ၁၅ ရာခိုင်နှုန်း၊ ရတနာပုံဘဏ်က သုည ဒသမ ၁၂ ရာခိုင်နှုန်း၊ သတ္တုဖွံ့ဖြိုးရေးဘဏ်က သုည ဒသမ ၁၁ ရာခိုင်နှုန်း၊ Glory Farmer ဖွံ့ဖြိုးရေးဘဏ်က သုည ဒသမ ၀၇ ရာခိုင်နှုန်း၊ အာရှရန်ကုန်ဘဏ်က သုည ဒသမ ၀၅ ရာခိုင်နှုန်းတို့ဖြစ်ကြောင်းသိရသည်။

ဘဏ်စနစ်တစ်ခုလုံး လုံခြုံခိုင်မာမှုရှိစေရန် ဘဏ်များက နိုင်ငံတော်ဗဟိုဘဏ်၏ ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာနသို့ အစီရင်ခံစာများ ပေးပို့ရကြောင်းသိရသည်။ နေ့စဉ်ပေးပို့ရသည့် အစီရင်ခံစာများမှာ မတည်ရင်းနှီးငွေ၊ အပ်ငွေ၊ ချေးငွေ၊ ငွေလွှဲဆောင်ရွက်မှု၊ ဝင်ငွေနှင့်အသုံးစရိတ်၊ အစိုးရငွေချေးသက်သေခံလက်မှတ်များ ပိုင်ဆိုင်မှု၊ ငွေဝင်/ငွေထွက်စာရင်း၊ အစမ်းရှင်းတမ်းအခြေအနေနှင့် နေ့စဉ်ထိန်းသိမ်းရမည့် နိုင်ငံခြားငွေကြေးအခြေအနေတို့ဖြစ်သည်။ အပတ်စဉ်ပေးပို့ရမည့် အစီရင်ခံစာမှာ ငွေကြေးလွယ်ကူမှုအချိုးဖြစ်သည်။ လစဉ်ပေးပို့ရမည့် အစီရင်ခံစာများမှာ ဝင်ငွေနှင့်အသုံးစရိတ်အခြေအနေ၊ လက်ကျန်ရှင်းတမ်း၊ မတည်ငွေရင်းလုံလောက်မှုအချိုးနှင့်ရရန်ပိုင်ခွင့် အမျိုးအစားခွဲခြားခြင်းနှင့် လျာထားခြင်းစာရင်း၊ သုံးလတစ်ကြိမ်ပေးပို့ရမည့် အစီရင်ခံစာများမှာ ပမာဏကြီးမားသော ကြွေးမြီများစာရင်း၊ ကဏ္ဍအလိုက်ထုတ်ချေးထားသော ငွေစာရင်းနှင့် အာမခံအမျိုးအစားအလိုက် ချေးငွေစာရင်း၊ နှစ်စဉ်ပေးပို့ရသော အစီရင်ခံစာများမှာ ဘဏ်၏နှစ်ချုပ်အစီရင်ခံစာနှင့် ပြင်ပစာရင်းစစ်အစီရင်ခံစာတို့ဖြစ်ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/188429

## တစ်ပတ်အတွင်း ပြည်တွင်းရွှေဈေးနှုန်း ကျပ် ၂၈၅၀၀ ဝန်းကျင်အထိ အတက်အကျရှိခဲ့ပြီး အနိမ့်ဆုံးနှုန်း ကျပ် ၁၃၀၁၅၀၀၊ အမြင့်ဆုံးနှုန်း ကျပ် ၁၃၃၀၀၀၀ ဖြစ်ပေါ်

တစ်ပတ်အတွင်း ပြည်တွင်းရွှေဈေးနှုန်း ကျပ် ၂၈၅၀၀ ဝန်းကျင်အထိ အတက်အကျရှိခဲ့ပြီး အနိမ့်ဆုံးနှုန်း ကျပ် ၁၃၀၁၅၀၀ (ဩဂုတ် ၁၅ ရက်)၊ အမြင့်ဆုံးနှုန်း ကျပ် ၁၃၃၀၀၀၀ (ဩဂုတ် ၁၈ ရက်) အထိ ဖြစ်ပေါ်ခဲ့ကြောင်း ရွှေရောင်းဝယ်သူများထံမှသိရသည်။ ပြည်တွင်းရွှေဈေးနှုန်းသည် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၀ ရက်၌ဖြစ်ပေါ်ခဲ့သော ကျပ် ၁၀၄၇၇၀၀ စံချိန်ကို ကျပ် ၁၀၄၈၅၀၀ ဖြင့် ကျော်ဖြတ်ခဲ့ပြီး စံချိန်သစ်များဆက်တိုက်တင်ခဲ့ကာ ဇန်နဝါရီ ၃၁ ရက်တွင် ကျပ်

၁၀၆၃၀၀၀ အထိဖြစ်ပေါ်ခဲ့သည်။ ထို့နောက်ရွှေဈေးများ ဆက်လက်မြင့်တက်ခဲ့ရာ ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျပ် ၁၀၈၈၅၀၀ အထိ၊ ၂၀၁၉ ခုနှစ် ဇွန် ၂၀ ရက်၌ ကျပ် ၁၁၀၁၀၀၀ အထိ၊ ဇူလိုင် ၁၁ ရက်၌ ကျပ် ၁၁၃၆၀၀၀ အထိ၊ ဇူလိုင် ၂၅ ရက်တွင် ကျပ် ၁၁၅၀၀၀၀ အထိမြင့်တက်ခဲ့သည်။ သြဂုတ်လအတွင်းတွင်လည်း စံချိန်သစ်များဆက်တိုက်ဖြစ်ပေါ်ခဲ့ပြီး သြဂုတ် ၃ ရက်၌ ကျပ် ၁၁၅၄၉၀၀၊ သြဂုတ် ၇ ရက်၌ ကျပ် ၁၂၀၃၀၀၀၊ သြဂုတ် ၁၃ ရက်၌ ကျပ် ၁၂၃၇၀၀၀၊ သြဂုတ် ၂၆ ရက်၌ ကျပ် ၁၂၄၉၀၀၀၊ သြဂုတ် ၂၉ ရက်၌ ကျပ် ၁၂၆၃၀၀၀၊ စက်တင်ဘာ ၄ ရက်တွင် ကျပ် ၁၂၈၂၀၀၀၊ စက်တင်ဘာ ၅ ရက်တွင် ကျပ် ၁၃၁၅၀၀၀ အထိ စံချိန်သစ်များတင်ခဲ့ခြင်းဖြစ်သည်။ ထို့နောက် ၁၁ လအကြာ ၂၀၂၀ ပြည့်နှစ် သြဂုတ် ၅ ရက်တွင် ကျပ် ၁၃၁၈၀၀၀၊ သြဂုတ် ၇ ရက်တွင် ကျပ် ၁၃၃၄၀၀၀ ဖြင့် ယခင်စံချိန်များကို ကျော်လွန်၍ စံချိန်သစ်ထပ်မံမြင့်တက်ခဲ့ခြင်းဖြစ်သည်။

၂၀၁၆ ခုနှစ်မှစ၍ ၂၀၁၉ ခုနှစ်အထိ ပြည်တွင်းရွှေဈေးနှုန်း စံချိန်တင်ဈေးနှုန်းများ အကြိမ်ကြိမ်ဖြစ်ပေါ်ကာ နှစ်အလိုက် စံချိန်တင် ဈေးနှုန်းများမှာ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ကျပ် ၉၀၃၅၀၀၊ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် ကျပ် ၉၅၇၈၀၀၊ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် ကျပ် ၁၀၄၇၇၀၀၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျပ် ၁၀၈၈၅၀၀၊ ၂၀၁၉ ခုနှစ် ဇူလိုင် ၁၈ ရက်တွင် ကျပ် ၁၁၄၃၅၀၀၊ ၂၀၁၉ ခုနှစ် သြဂုတ် ၁၃ ရက်တွင် ကျပ် ၁၂၃၇၀၀၀၊ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၅ ရက်တွင် ကျပ် ၁၃၁၅၀၀၀၊ ၂၀၂၀ ပြည့်နှစ် သြဂုတ် ၇ ရက်တွင် ကျပ် ၁၃၃၄၀၀၀ ဖြစ်သည်။

ရွှေဈေးနှုန်းသည် ၂၀၁၆ ခုနှစ်တွင် ကျပ် ၈၀၀၀၀၀ တန်း၊ ၂၀၁၇ ခုနှစ်တွင် ကျပ် ၉၀၀၀၀၀ တန်း၊ ၂၀၁၈ ခုနှစ်တွင် ကျပ် ၁၀၀၀၀၀၀ တန်း၊ ၂၀၁၉ ခုနှစ်တွင် ကျပ် ၁၁၀၀၀၀၀ တန်းနှင့် ကျပ် ၁၂၀၀၀၀၀ တန်းကို ကျော်လွန်လာခဲ့ပြီး ၂၀၁၉ ခုနှစ် စက်တင်ဘာတွင် ကျပ် ၁၃၁၀၀၀၀ ကျော်အထိ မြင့်တက်ခဲ့ခြင်းဖြစ်ကာ ၂၀၂၀ ပြည့်နှစ် သြဂုတ် ၆ ရက်၌ ကျပ် ၁၃၃၄၀၀၀ အထိ စံချိန်တင်မြင့်တက်ခဲ့သည်။

ပြီးခဲ့သည့် ခြောက်လအတွင်း လအလိုက် အနိမ့်ဆုံးနှင့် အမြင့်ဆုံး ရွှေဈေးနှုန်းများမှာ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီတွင် ကျပ် ၁၂၁၄၀၀၀ – ၁၂၆၂၂၀၀၊ မတ်တွင် ကျပ် ၁၁၃၆၀၀၀– ၁၂၂၅၀၀၀၊ ဧပြီတွင် ကျပ် ၁၁၄၅၀၀၀– ၁၁၉၄၀၀၀၊ မေတွင် ကျပ် ၁၁၆၉၅၀၀– ၁၂၃၆၀၀၀၊ ဇွန်တွင် ကျပ် ၁၂၀၇၅၀၀– ၁၂၂၀၀၀၀၊ ဇူလိုင်တွင် ကျပ် ၁၂၁၆၀၀၀– ၁၃၀၂၀၀၀ ဖြစ်သည်။ လအလိုက် ဖြစ်ပေါ်ခဲ့သော အနိမ့်ဆုံးနှင့်အမြင့်ဆုံးကမ္ဘာ့ရွှေဈေးနှုန်းများမှာ ၂၀၁၉ ခုနှစ် သြဂုတ်တွင် ၁၄၅၀–၁၅၄၂ ဒေါ်လာ၊ စက်တင်ဘာတွင် ၁၄၈၃– ၁၅၅၂ ဒေါ်လာ၊ အောက်တိုဘာ၌ ၁၄၇၂– ၁၅၁၂ ဒေါ်လာ၊ နိုဝင်ဘာတွင် ၁၄၅၅– ၁၅၁၃ ဒေါ်လာ၊ ဒီဇင်ဘာတွင် ၁၄၅၆– ၁၅၁၄ ဒေါ်လာ၊ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီတွင် ၁၅၂၈– ၁၅၈၉ ဒေါ်လာ၊ ဖေဖော်ဝါရီတွင် ၁၅၄၉– ၁၆၅၉ ဒေါ်လာ၊ မတ်တွင် ၁၄၆၇– ၁၆၇၃ ဒေါ်လာ၊ ဧပြီတွင် ၁၅၆၈– ၁၇၂၉ ဒေါ်လာ၊ မေတွင် ၁၆၈၃– ၁၇၄၈ ဒေါ်လာ၊ ဇွန်တွင် ၁၆၈၀– ၁၇၇၉ ဒေါ်လာ၊ ဇူလိုင်တွင် ၁၇၆၉–၁၉၇၅ ဒေါ်လာဝန်းကျင် ဖြစ်ပေါ်ခဲ့ပြီး ကွာဟချက် ဒေါ်လာ ၄၀ ဝန်းကျင်မှ ဒေါ်လာ ၂၀၀ ကျော်အထိရှိခဲ့သည်။

**Source:** https://news-eleven.com/article/188618

## ကပ်ရောဂါကာလအတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲ ပြီးခဲ့သည့်နှစ်ကာလတူထက် ဒေါ်လာသန်း ၁၀၀ ကျော် ပိုမိုရောင်းချနိုင်



COVID-19 ကပ်ရောဂါဖြစ်ပွားနေသော်လည်း ပြည်ပသို့ဆန်နှင့်ဆန်ကွဲ တင်ပို့ရောင်းချမှုသည် ပြီးခဲ့သည့်ဘဏ္ဍာနှစ်ကာလတူထက် ဒေါ်လာသန်း ၁၀၀ ကျော်ခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင် က ပြောသည်။ ၂၀၁၉ အောက်တိုဘာမှ ၂၀၂၀ ဇူလိုင်လကုန်အထိ ယခု ဘဏ္ဍာနှစ် ၁၀ လအတွင်း ပြည်ပနိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၂ ဒသမ ၃ သန်း ကျော်တင်ပို့ထားပြီး ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာသန်း ၇၀၀ ခန့်ရရှိထား ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က သတင်းထုတ်ပြန်ထားသည်။ ပြီးခဲ့သည့်ဘဏ္ဍာနှစ်ကာလတူက ဆန်နှင့်ဆန်ကွဲတန်ချိန် ၁ ဒသမ ၉ သန်း ကျော်တင်ပို့ခဲ့ပြီး ဒေါ်လာသန်း ၅၉၀ ကျော်ရရှိခဲ့သည်။

"COVID ဖြစ်နေပေမယ့် ပို့နိုင်တဲ့ပမာဏကလည်း တိုးသလို ဝင်ငွေပိုင်းကလည်း တိုးလာတယ်" ဟု ဩဂုတ် ၂၁ ရက်တွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ဦးရဲမင်းအောင်ကပြောသည်။ ယခုဘဏ္ဍာနှစ်အတွက် ပြည်ပသို့ ဆန်တန်ချိန် ၂ ဒသမ ၄ သန်းတင်ပို့ပြီး ပို့ကုန်ဝင်ငွေ ဒေါ်လာ သန်း ၈၀၀ ကျော်ရရှိနိုင်မည်ဟု ၎င်းကခန့်မှန်းသည်။ လက်ရှိတွင် မြန်မာနိုင်ငံမှ နိုင်ငံ ၆၆ နိုင်ငံသို့ ဆန်တင်ပို့နေရာ ပြီးခဲ့သည့်နှစ်က နိုင်ငံ ၅၀ ကျော် သာတင်ပို့နိုင်သဖြင့် ဈေးကွက်အသစ်များထပ်မံရရှိခြင်းဖြစ် သည်။ မြန်မာနိုင်ငံမှ တရုတ်၊ မလေးရှား၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် အာဖရိကနိုင်ငံများသို့ ဆန်အများဆုံးတင်ပို့နေသည်။ လက်ရှိ နိုင်ငံခြားဆန်ဈေးကွက်သည် အလားအလာကောင်းများရှိနေပြီး ဈေးကွက်ခိုင်မာမှုရှိနေသဖြင့် လာမည့်ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်တင်ပို့မှုမှ ဒေါ်လာတစ်ဘီလီယံခန့် ဝင်ငွေရရှိနိုင်ရန် အသင်းချုပ်ကခန့်မှန်းထားကြောင်း ဦးရဲမင်းအောင်ကပြောသည်။

ပြည်ပသို့ ဆန်တင်ပို့ရာတွင် အရည်အသွေးကောင်းသည့်ဆန်များ တိုးချဲ့တင်ပို့လာနိုင်ခြင်းကြောင့် ဝင်ငွေပိုင်းလည်း တိုးတက်နေသည်ဟု အသင်းချုပ်အတွင်းရေးမှူး ဦးလူမော်မြင့်မောင်ကပြောသည်။ ပြည်ပဆန်တင်ပို့မှု တိုးတက်လာနေသော်လည်း ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေးအတွက် စိုးရိမ်စရာမလိုကြောင်း ၎င်းကပြောသည်။ ယခုနှစ်တွင် မိုးဦးအနည်းငယ် နောက်ကျသော်လည်း ယခင်နှစ်များကဲ့သို့ ရာသီဥတုဖောက်ပြန်မှု အနည်းငယ်လျော့သဖြင့် အထွက်နှုန်းလည်းကောင်းနိုင်သည် ဟု ဦးလူမော်မြင့်မောင်ကပြောသည်။

**Source:** https://7day.news/detail?id=196510

## ဆေးဝါးများ၊ စားသုံးကုန်များနှင့် COVID-19 ဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများကို ဈေးနှုန်းမြှင့်တင်ရောင်းချ ခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းတို့ကို အမိန့်ထုတ်ပြန်တားမြစ်ထားပြီးဖြစ်သဖြင့် ယင်းအချက်များလိုက်နာကြရန် လုပ်ငန်းရှင်များကိုအသိပေး



ဆေးဝါးများ၊ စားသုံးကုန်ပစ္စည်းများနှင့် COVID-19 ကာကွယ်ထိန်းချုပ်ကုသရေးဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများကို ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းတို့ကို အမိန့်ထုတ်ပြန်တားမြစ်ထားပြီးဖြစ်သဖြင့် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ သိုလှောင်ခြင်းမပြုလုပ်ရန် အဆိုပါအရေးကြီးကုန်စည်များ တင်သွင်းဖြန့်ဖြူးရောင်းချနေသည့်ကုမ္ပဏီ၊ လုပ်ငန်းရှင်များသို့ ကုန်သည်စက်မှုအသင်းချုပ်က အသိပေးချက်ထုတ်ပြန်ထားသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်တွင် COVID-19 ရောဂါခံတ်ခွဲ အတည်ပြုလူနာများ ထပ်မံတွေ့ရှိခဲ့သည့်အတွက် ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၂၀ ရက်တွင် ကူးစက်ရောဂါများကာကွယ်နှိမ်နင်းရေးဥပဒေအရ အမိန့်ကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။ အဆိုပါအခြေအနေတွင် ရန်ကုန်မြို့အပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ ပြည်သူများအနေဖြင့် COVID-19 ရောဂါကာကွယ်ရေးကို ပိုမိုအလေးထားလာခဲ့ပြီး ဈေးကွက်အတွင်း နှာခေါင်းစည်း (Mask) များ ဝယ်လိုအား မြင့်တက်လာခဲ့သည့်အပေါ် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်းများ တွေ့ရှိနေရသည်။ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများနှင့်စားသုံးကုန်ပစ္စည်းများအား အရေးကြီးကုန်စည် အဖြစ်သတ်မှတ်လိုက်ပြီး ဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်းနှင့်ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းများကို တားမြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် ၂၁/၂၀၂၀၊ ၂၀၂၀ ပြည့်နှစ် မတ် ၃၀ ရက်စွဲဖြင့် ထုတ်ပြန်ထားသည်။

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၂၀ မတ် ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၆/၂၀၂၀ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အဆိုပါအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ ၄ ပုဒ်မခွဲ (က) အရ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများ၊ စားသုံးကုန်ပစ္စည်းများကို အရေးကြီးကုန်စည်များအဖြစ် သတ်မှတ်လိုက်ခြင်းဖြစ်သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အပိုဒ် ၁ ပါ ကုန်စည်များကို ဈေးကွက်အတွင်း ဈေးနှုန်း မြှင့်တင်ရောင်းချခြင်း၊ ဈေးနှုန်းမြှင့်တင်ဖြန့်ဖြူးခြင်း သို့မဟုတ် ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းကို ယခုအမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှစ၍ တားမြစ်ထားသည်။ အပိုဒ် ၁ ပါ သတ်မှတ်ထားသည့်ကုန်စည်များကို ဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးနှုန်းမြှင့်တင်ဖြန့်ဖြူးခြင်း သို့မဟုတ် ဈေးကစားရန်ရည်ရွယ်ချက်ဖြင့်သိုလှောင်ခြင်းများ ဆောင်ရွက်နေသည်ကို စိစစ်တွေ့ရှိပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ ၅ အရ အရေးယူခြင်းခံရမည်ဖြစ်သည်။ သို့ဖြစ်ရာ အဆိုပါအရေးကြီးကုန်စည်များအား တင်သွင်းဖြန့်ဖြူးရောင်းချနေသည့်ကုမ္ပဏီများ၊ လုပ်ငန်းရှင်များအနေဖြင့် အများပြည်သူ ကျန်းမာရေးရှေးရှု၍ ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ သိုလှောင်ခြင်းများမပြုလုပ်ကြရန် ကုန်သည်စက်မှုအသင်းချုပ်မှ မေတ္တာရပ်ခံထားသည်။

**Source:** https://news-eleven.com/article/188537

## မြန်မာနိုင်ငံတွင် စုစုပေါင်း နိုင်ငံခြားသုံး သီးသန့်ငွေပမာဏ ဒေါ်လာ ၁၀ ဒသမ ၉၂ ဘီလျံကျော်ရှိပြီး နိုင်ငံပိုင်ဘဏ်များ၌ ဒေါ်လာ ၉ ဒသမ ၇၃ ဘီလျံနှင့် ပုဂ္ဂလိကဘဏ်များတွင် ဒေါ်လာ ၁ ဒသမ ၁၉ ဘီလျံကိုင်ဆောင်ထား



၂၀၁၉ ခုနှစ် စက်တင်ဘာ၌ မြန်မာနိုင်ငံတွင် စုစုပေါင်းနိုင်ငံခြားသုံး သီးသန့်ငွေပမာဏ ဒေါ်လာ ၁၀ ဒသမ ၉၂ ဘီလျံကျော်ရှိပြီး နိုင်ငံပိုင်ဘဏ်များ၌ ဒေါ်လာ ၉ ဒသမ ၇၃ ဘီလျံနှင့် ပုဂ္ဂလိကဘဏ်များတွင် ဒေါ်လာ ၁ ဒသမ ၁၉ ဘီလျံကိုင်ဆောင်ထားကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ချုပ် အစီရင်ခံစာအရသိရသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဝန်ဆောင်မှုစာရင်းပိုငွေဖြစ်ပေါ်မှုသည် ဒေါ်လာ ၂၈၂၀ ဒသမ ၆ သန်းရှိခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဝန်ဆောင်မှုစာရင်း ပိုငွေဖြစ်ပေါ်မှုသည် ဒေါ်လာ ၈၉၀ ဒသမ ၃ သန်းရှိခဲ့သည်။ ယင်းသို့ ဝန်ဆောင်မှုစာရင်း ပိုငွေမြင့်တက်ခဲ့ရခြင်းမှာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများမှ ရငွေများမြင့်တက်ခဲ့ခြင်းကြောင့်ဖြစ်သည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများမှ အမြတ်ငွေပြန်လည်ပေးပို့မှု မြင့်တက်လာခြင်းကြောင့် ဝင်ငွေစာရင်းတွင် လိုငွေဖြစ်ပေါ်မှုသည့် ယခင်နှစ်အလားတူ ကာလကထက် ၄ ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ဒေါ်လာ ၂၀၄၂ သန်းရှိခဲ့သည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဝင်ငွေစာရင်းလိုငွေဖြစ်ပေါ်မှုသည် ဒေါ်လာ ၁၉၆၀ ဒသမ ၃ သန်းရှိခဲ့သည်။

အစီရင်ခံသည့်ကာလအတွင်း ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်နေသည့် နိုင်ငံသားများထံမှ လွှဲပြောင်းပေးပို့ငွေများ၊ ဖွံ့ဖြိုးမှုအကူအညီပေးခြင်းများ၊ ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ လွှဲပြောင်းငွေများနှင့် လူမှုရေးနှင့်ပတ်သက်သော လှူဒါန်းမှုများအပါအဝင် အခြားလွှဲပြောင်းပေးပို့ငွေများ မြင့်တက်လာခြင်းတို့ကြောင့် ငွေလွှဲ ပြောင်းမှုစာရင်းတွင် ပိုငွေဖြစ်ပေါ်မှုသည် ယခင်နှစ်အလားတူကာလကထက် ၈ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး ဒေါ်လာ ၂၄၈၄ ဒသမ ၄ သန်းရှိခဲ့သည်။ ၂၀၁၇-၂၀၁၈ ဘ ဏ္ဍာနှစ်တွင် ငွေလွှဲပြောင်းမှုစာရင်းတွင် ပို ငွေဖြစ်ပေါ်မှုသည် ဒေါ်လာ ၂၂၈၇ ဒသမ ၇ သန်းရှိခဲ့သည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း သီးသန့်ငွေကြေးပမာဏနှင့် စုစုပေါင်းငွေကြေးပမာဏတို့၏ နှစ်အလိုက် တိုးတက်မှုနှုန်းအား ၁၁ ရာခိုင်နှုန်းနှင့် ၂၁ ရာခိုင်နှုန်းထက်မပိုစေရန် ငွေကြေးပမာဏရည်မှန်းချက်ထားရှိခဲ့သည်။ ၂၀၁၉ ခုနှစ် စက်တင်ဘာလကုန်တွင် သီးသန့်ငွေကြေးပမာဏနှင့် စုစုပေါင်းငွေကြေးပမာဏတို့၏ နှစ်အလိုက်တိုးတက်မှုနှုန်းမှာ ၁၁ ရာခိုင်နှုန်းနှင့် ၁၅ ရာခိုင်နှုန်း အသီးသီးဖြစ်သဖြင့် ရည်မှန်းချက်ဘောင်အတွင်း ထားရှိဆောင်ရွက်နိုင်ကြောင်းသိရသည်။

သီးသန့်ငွေကြေးပမာဏအား ပြောင်းလဲစေသည့် ကိန်းရှင်များအားလေ့လာပါက ၂၀၁၉ ခုနှစ် စက်တင်ဘာရှိ အသားတင်နိုင်ငံခြားရရန်ပိုင်ခွင့်များသည် ယခင်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၁ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး အသားတင်ပြည်တွင်း ရရန်ပိုင်ခွင့်များသည် ၂၀ ရာခိုင်နှုန်း သိသာစွာတိုးတက်ခဲ့သည်။ ၂၀၁၉ ခုနှစ် စက်တင်ဘာလကုန်ရှိ စုစုပေါင်းနိုင်ငံခြားသုံး သီးသန့်

ရန်ပုံငွေမှာ နိုင်ငံပိုင်ဘဏ်များလက်ဝယ်တွင် ဒေါ်လာ ၉ ဒသမ ၇၃ ဘီလျံနှင့် ပုဂ္ဂလိကပိုင်ဘဏ်များလက်ဝယ်တွင် ဒေါ်လာ ၁ ဒသမ ၁၉ ဘီလျံကိုင်ဆောင်ထားသည်။ နိုင်ငံပိုင်ဘဏ်များ လက်ဝယ်ရှိနိုင်ငံခြားသုံးသီးသန့်ရန်ပုံငွေ ဒေါ်လာ ၉ ဒသမ ၇၃ ဘီလျံတွင်နိုင်ငံပိုင်မှာ ၆၅ ရာခိုင်နှုန်းနှင့် ပုဂ္ဂလိကပိုင်မှာ ၃၅ ရာခိုင်နှုန်းဖြစ်သည်။

သီးသန့်ငွေကြေးပမာဏတွင် လှည့်လည်သုံးစွဲငွေများနှင့်ဘဏ်များ၏ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရှိ စာရင်းရှင်အပ်ငွေတို့ ပါဝင်သည်။ ၂၀၁၈ ခုနှစ် စက်တင်ဘာလကုန်တွင် သီးသန့်ငွေကြေးပမာဏ ကျပ် ၁၇၃၂၇ ဘီလျံရှိရာမှ ၂၀၁၉ ခုနှစ် စက်တင်ဘာလကုန်တွင် ကျပ် ၁၉၂၉၀ ဘီလျံသို့ရောက်ရှိခဲ့သဖြင့် သီးသန့်ငွေကြေးပမာဏတိုးတက်မှုနှုန်းမှာ ၁၁ ရာခိုင်နှုန်းဖြစ်ခဲ့သည်။ ၎င်းတွင် ပြည်တွင်းလှည့်လည်သုံးစွဲငွေ ၁၃ ရာခိုင်နှုန်းတိုးမြင့်ခဲ့ပြီး ဗဟိုဘဏ်ရှိစာရင်းရှင်အပ်ငွေများ ၃ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

**Source:** https://news-eleven.com/article/188562

## မိုးစပါးပေါ်ချိန် ဈေးမကျရန် ပုဂ္ဂလိကကဏ္ဍတွင်လည်းတာဝန်ရှိဟု ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌပြော



မိုးစပါးအသစ်ပေါ်ချိန်တွင် အခြေခံရည်ညွှန်းစပါးဈေး အောက်မကျဆင်းစေရန် ပုဂ္ဂလိကကဏ္ဍတွင်လည်း တာဝန်ရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်ကပြောသည်။ ယခုနှစ် အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို ဇူလိုင်က စပါးတင်း ၁၀၀ လျှင် ကျပ်ငါးသိန်းနှစ်သောင်းဈေး သတ်မှတ်ထားသည်။ အစိုးရ၏ရည်ညွှန်းဈေးနှုန်း သတ်မှတ်ကြေညာချက်က တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေအရဆောင်ရွက်ခြင်းဖြစ်သောကြောင့် ပုဂ္ဂလိကကဏ္ဍမှ စက်ပိုင် ၊ ကုန်သည်များလည်း လိုက်နာရမည်ဟု ဦးရဲမင်းအောင်ကဆိုသည်။ "ပုဂ္ဂလိကကဏ္ဍမှာရှိတဲ့ စက်ပိုင်တွေကုန်သည်တွေရော ဒါကို သတိထားဖို့လိုအပ်တယ်" ဟု ဦးရဲမင်းအောင်ကရှင်းပြသည်။ ၂၀၁၃ ခုနှစ် တောင်သူလယ်သမားအခွင့်အရေးနှင့်အကျိုးစီးပွား မြှင့်တင်ရေးဥပဒေတွင် တောင်သူလယ်သမားများအတွက် သင့်တင့်မျှတသောဈေးကွက်နှင့် ဈေးနှုန်းရရှိရေးဖြစ်ရမည်ဟု ဖော်ပြထားသည်။

မြန်မာနိုင်ငံမှ တောင်သူလယ်သမားများအတွက် အခြေခံရည်ညွှန်းဈေးဖြင့် စပါးဝယ်ယူရေးကို ပြီးခဲ့သည့်နှစ် မိုးစပါးပေါ်ချိန်တွင် အစိုးရကစတင်ဝယ်ယူခဲ့သည်။ ပြည်တွင်းဈေးကွက်တွင် စပါးဈေးနှုန်းက အစိုးရသတ်မှတ်သော အခြေခံစပါးဈေးအောက်ရောက်ရှိခဲ့သဖြင့် ဝယ်ယူပေးခြင်းဖြစ်သည်။ သို့သော် ၂၀၁၉ တွင် အစိုးရက အခြေခံဈေးဖြင့် စပါးဝယ်ယူရာတွင် အချိန်နောက်ကျခဲ့ခြင်းကြောင့် တောင်သူလယ်သမားများ အခက်အခဲဖြစ်ခဲ့ရသည်။ အခြေခံစပါးဈေးဖြင့် ပထမဆုံးအကြိမ်ဝယ်ယူခြင်းဖြစ်သောကြောင့် ဝယ်ယူရေး စီမံခန့်ခွဲမှုအပိုင်း လိုအပ်ချက်များ ရှိနေသဖြင့် အချိန်နောက်ကျခြင်းဖြစ်ပြီး တင်ဒါစနစ်၊ သိုလှောင်ရုံနှင့်ပတ်သက်သော လိုအပ်ချက်များကြောင့် သီးနှံပေါ်ချိန် အချိန်မီမဝယ်နိုင်ခဲ့ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌကပြောသည်။

ယခုနှစ်တွင် ပြည်တွင်းစပါးဈေးနှုန်းက အခြေခံဈေးအောက်ကျဆင်းလျှင် အချိန်မီဝယ်ယူနိုင်ရန် ပြင်ဆင်ထားသည်ဟု ၎င်းကပြောသည်။ ငွေတောင်းခံသည့်ကိစ္စများ၊ ဝယ်ယူရေးဆိုင်ရာ တင်ဒါစည်းမျဉ်းစည်းကမ်းများလည်း ပြင်ဆင်ထားသည်ဟု ဆိုသည်။ ထို့အပြင် လက်ရှိမြန်မာနိုင်ငံ၏ ဆန်ဈေးကွက်အခြေအနေကလည်း အလားအလာကောင်းများရရှိနေခြင်းကြောင့် မိုးစပါးပေါ်ချိန် အခြေခံဈေးအောက်ရောက်ရှိမည်မဟုတ်ကြောင်း အသင်းချုပ်တာဝန်ရှိသူအချို့ကပြောသည်။ မြန်မာနိုင်ငံနှင့် အပြိုင်ပြည်ပသို့ ဆန်တင်ပို့နေသော တရုတ်၊ ထိုင်း၊ အိန္ဒိယနိုင်ငံများတွင် ရေဘေးအန္တရာယ်များကြုံနေသည်။ ထို့အပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်လည်း ရေဘေးအန္တရာယ်ကြောင့် စိုက်ဧကများစွာ ပျက်စီးပြီး ဆန်အထွက်လျော့နိုင်သဖြင့် မြန်မာနိုင်ငံက ပြည်ပဆန်တင်ပို့ခြင်းလုပ်ငန်း အလားအလာကောင်းနိုင်သည်ဟု ဆန်စပါးအသင်းချုပ်အတွင်းရေးမှူး ဦးလှမော်မြင့်က ပြောသည်။

**Source:** https://7day.news/detail?id=196615

## ယခုနှစ်မှာ မိုးနှမ်းအထွက်နှုန်း ထက်ဝက်ကျော်လျော့ကျနိုင်သောကြောင့် နှမ်းဈေးနှုန်းများ ဆက်လက်မြင့်တက်နိုင်




မိုးခေါင်မှုကြောင့် ယခုနှစ်မှာ မိုးနှမ်းအထွက်နှုန်း ထက်ဝက်ကျော်လျော့ကျနိုင်တာကြောင့် နှမ်းဈေးနှုန်းများ မြင့်တက်လာနေကြောင်း ဈေးကွက်အတွင်းမှသိရသည်။ ယခုနှစ်စိုက်ပျိုးသည့် မိုးနှမ်းဧကထက်ဝက်ကျော်မှာ မိုးခေါင်ပျက်စီးခဲ့သောကြောင့် ဈေးကွက်အတွင်းသို့ နှမ်းအဝင်နည်းနိုင်သောကြောင့် တရုတ်နိုင်ငံမှ အဓိကဝယ်ယူနေသည့် နှမ်းနက်ဈေးနှုန်းများ မြင့်တက်နေကြောင်းသိရသည်။

"မိုးမရွာတဲ့အခါ ဘာပြဿနာရှိလဲဆိုတော့။ အပင် တစ်မိုက်လောက်မှာ မိုးမရွာတော့ အပင်တွေ အကုန်ငိုက်ကုန်တယ်။ တစ်ချို့ကြ သကြံန်မတိုင်ခင်စိုက်တဲ့ အပင်တွေကြတော့ မိုး တစ်မိုးရတယ်။ ဆယ်စီး၊ ဆယ်ငါးစီးထိ သီးပြီးတော့ မိုးဆက်မရွာတော့ အပင်တွေငိုက်သွားတယ်။ ညောင်ဦးတို့ ၊ ကျောက်ပန်းတောင်းတို့ဆိုရင် လုံးဝကိုမလုပ်နိုင်တော့လို့ နောက်ဆုံးအပင်ပေါက်တွေကို ထည်ထိုးလိုက်ပြီး မရှိတော့ဘူး ။ ဒီနှစ်က နှမ်းဈေးကောင်းတော့ နှမ်းနက်တွေပဲ စိုက်တာများတယ်။ " ဟု မြန်မာနိုင်ငံ ပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်းမှအဖွဲ့ဝင် ဦးညဏ်ဝေကပြောသည်။

လက်ရှိ မိုးမရွာသောကြောင့် ညောင်ဦး၊ ကျောက်ပန်းတောင်းဒေသဘက်တွင် နှမ်းပင်များမရှိသလောက်ဖြစ်နေပြီး အောင်လံမြို့နယ် တောင်ပိုင်း၊ မြောက်ပိုင်းနှင့်တောင်တွင်းကြီးမြို့နယ်ဘက်များတွင် ၁၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းထိသာ ထွက်ရှိကြောင်းသိရသည်။ ယခင်က ကိုဗစ်ကြောင့် ၄၅ ပိဿာဝင် တစ်အိတ်လျှင် ကျပ်တစ်သိန်းခြောက်သောင်းထိ ကျဆင်းခဲ့သော နှမ်းနက်အား တရုတ်နိုင်ငံမှ တောက်လျှောက်ပြန်လည် ဝယ်ယူလာသောကြောင့် တစ်ဖြည်းဖြည်း မြင့်တက်လာနေပြီး ၄၅ ပိဿာဝင်တစ်အိတ်လျှင် တစ်သိန်းကိုးသောင်းနှင့်ကျပ်နှစ်သိန်းကြား ပေါက်ဈေးထိရှိနေကြောင်းသိရသည်။ "ကိုဗစ် တကယ်ဖြစ်နေတဲ့ကာလမှာတော့ နှစ်ဆယ်ရာခိုင်းနှုန်း၊ သုံးဆယ်ရာခိုင်နှုန်းအထိကျသွားတယ်။ လျော့သွားတဲ့အချိန်မှတော့ ဆယ်ရာခိုင်နှုန်းထိ ပြန်တက်လာတယ်။ ဇ လပိုင်းလောက်မှ တရုတ်တို့ ၊ ဂျပန်တို့ကနေ များများဝယ်ယူနိုင်မယ်ဆိုပြီး ဈေးတွေတက်သွားတာ" ဟု အောင်လံကုန်စည်ဒိုင် (ဥက္ကဋ္ဌ) ဦးအောင်မိုးကပြောသည်။ ယခုနှစ် မိုးခေါင်မှုဆိုးရွားလွန်းသောကြောင့် အချို့နှမ်းစိုက် တောင်သူများမှာ မျိုးစေ့ပြန်လည်ရရှိရန် မလွယ်တော့၍ နှမ်းပင်များအား နွားကျွေးရန်ရိတ်သိမ်းခြင်း၊ လာမည့်သီးနှံအတွက် မြေဆီဖြစ်စေရန် ထွန်ယက်ပြီး ယာခင်းအတွင်း၌ထားရှိခြင်းတို့ကို ပြုလုပ်နေကြကြောင်းသိရသည်။

သို့ဖြစ်ပါ၍ နှမ်းစိုက်ခင်းနေရာများတွင် မြေပဲများကို အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရန် စီစဉ်နေကြကြောင်းလည်းသိရသည်။ မိုးနှမ်းအသစ်ပေါ်ချိန်တွင် ဈေးကျဆင်းရန် ရာခိုင်နှုန်းနည်းနိုင်ပြီး ရာသီဥတုဖောက်ပြန်မှုကြောင့် နှမ်းအထွက်နှုန်းအပြင် နှမ်းအရည်အသွေးပိုင်းလည်း ကျဆင်းနိုင်တာကြောင့် နောက်ပိုင်းတွင် အရည်အသွေးပေါ်မူတည်ကာ ဈေးနှုန်းကွာခြားမှုလည်း ရှိလာနိုင်ကြောင်း နှမ်းကုန်သည်များကသုံးသပ်ကြသည်။ တောင်သူများအနေဖြင့် မိုးနှမ်းကို ဖွန်လပိုင်းဝန်းကျင်တွင် စတင်စိုက်ပျိုးကြပြီး စက်တင်ဘာလဝန်းကျင်၌ ရိတ်သိမ်းကြကြောင်းသိရသည်။ လက်ရှိမြန်မာ့နှမ်းကို တရုတ်နိုင်ငံမှ အများဆုံးဝယ်ယူနေကြပြီး ကိုရီးယား၊ ဂျပန်၊ စင်ကာပူနှင့် ထိုင်ဝမ်နိုင်ငံတို့မှလည်း ဝယ်ယူလျက်ရှိကြောင်းသိရသည်။

**Source:** http://htwettoe.com/article-details/news/9908199

## ထိုင်းနိုင်ငံက ဈေးကောင်းပေးဝယ်ယူသဖြင့် ပဲခူးတိုင်းတွင် ငါးရှဉ့်ဈေးနှုန်းများ ယခင်နှစ်ကထက် မြင့်တက်




ပဲခူးတိုင်းဒေသကြီးထွက် ငါးရှဉ့်များကို တရုတ်ပြည်ဘက်က ဝယ်ယူလျက်ရှိရာ လက်ရှိ ထိုင်းနိုင်ငံကပါ ဈေးကောင်းပေးဝယ်ယူလာသဖြင့် ငါးရှဉ့်ဈေးနှုန်းမှာ ယခင်နှစ်များကထက် မြင့်တက်လာကြောင်း ဒေသအတွင်းရှိ ငါးရှဉ့်ဒိုင်များထံမှသိရှိရသည်။ ၂၀၁၉ ခုနှစ်မိုးရာသီက ငါးရှဉ့်တစ်ပိဿာလျှင် ကျပ် ၆၀၀၀ အထိသာ ပေါက်ဈေးရှိခဲ့ပြီး ၂၀၂၀ ပြည့်နှစ် မိုးရာသီမှာ ငါးရှဉ့်တစ်ပိဿာ ကျပ် ၇၀၀၀ထိရှိခဲ့ရာမှ ထိုင်းနိုင်ငံဘက်ကပါ ဝယ်ယူသူများပြားလာသဖြင့် ငါးရှဉ့်တစ်ပိဿာ ကျပ် ၉၀၀၀ ကျော်အထိ ဈေးမြင့်တက်လာကြောင်းသိရသည်။

“မိုးဦးကျကာလဆိုတော့ ကျေးလက်ဒေသခံတွေအတွက် တစ်ပိုင်တစ်နိုင်လုပ်ငန်းပါ။ ငါးရှဉ့်ဈေးကောင်းရတော့ ရှာဖွေသူတွေလည်း များလာပါတယ်။ နှစ်စဉ် မိုးရာသီမှာ ငါးရှဉ့်ဈေးတွေကောင်းပါတယ်။ ဒီနှစ် ထိုင်းဘက်က ငါးရှဉ့်တွေကို ဈေးကောင်းပေးပြီး လာဝယ်တာတွေ့ရတယ်။ ထိုင်းနိုင်ငံက ငါးရှဉ့်အကောင်ကြီးပဲဝယ်တာပါ။ တရုတ်ပြည်ဘက်ကတော့ ငါးရှဉ့် အကောင်ကြီး ကော၊အကောင်သေးပါ ဝယ်ပါတယ်။ ကျွန်တော်တို့က တရုတ်ပြည်ဘက်က ဒိုင်ကြီးတွေနဲ့ စာချုပ်ချုပ်ထားတော့ ထိုင်းနိုင်ငံဘက်ကို ရောင်းလို့မရပါဘူး။ တစ်ရက်ကို အချိန်ပိဿာတစ်ထောင်လောက် တရုတ်ပြည်ဘက်ပို့နေတာပါ။ ငါးရှဉ့်ဒိုင်ငယ်တွေပဲ ဈေးကောင်းရတော့ငါးရှဉ့် အကောင်ကြီးကိုရွေးပြီး ထိုင်းနိုင်ငံဘက်က ကုန်သည်တွေကိုရောင်းချပေးနေကြတယ်”ဟု ပဲခူးခရိုင်၊ ဘုရားကြီးမြို့မှ ပါဝါနိုင်းငါးရှဉ့်ဒိုင် ဦးမြင့်ကပြောသည်

ပဲခူးတိုင်းဒေသကြီး သာယာဝတီ၊ ပြည်၊ တောင်ငူ၊ ဝေါ၊ ဘုရားကြီး၊ ညောင်လေးပင်၊ ဒိုက်ဦးစသည့်မြို့နယ်များက ငါးရှဉ့်အများဆုံးထွက်ရှိရောင်းချကြောင်းနှင့် ဇွန်လမှနိုဝင်ဘာလအထိလည်းကောင်း၊ ဆောင်းရာသီတွင် ဇန်နဝါရီလမှဖေဖော်ဝါရီလထိလည်းကောင်းငါးရှဉ့်အများဆုံးရှာဖွေဖမ်းယူရရှိပြီး တရုတ်ပြည်ဘက်သို့ မူဆယ်မှတစ်ဆင့်နှင့် ထိုင်းနိုင်ငံဘက်သို့ မြဝတီဘက်က တစ်ဆင့် တင်ပို့ရောင်းချကြောင်းသိရသည်။“မိုးတွင်း ချောင်း၊ မြောင်းတွေမှာ ငါးရှဉ့်ထောင်တဲ့ မြှုံးတွေနဲ့ထောင်ပြီးဖမ်းရတာပါ။ တစ်နှစ်ထက် တစ်နှစ်ငါးရှဉ့်ဖမ်းဆီးရမိမှု နည်းလာပါတယ်။ တစ်ရက်ရှာမှ ငွေကျပ်ငါးထောင်ဝန်းကျင်လောက်ပဲရတာပါ။

အခု ထိုင်းနိုင်ငံဘက်က ငါးရှဉ့်အကောင်ကြီးတွေကို ဈေးကောင်းပေးဝယ်တယ်ဆိုတော့ အဆင်ပြေတာပေါ့“ဟု သနပ်ပင်မြို့နယ်မှ ငါးရှဉ့်ရှာဖွေသူတစ်ဦးကပြောသည်။ ငါးရှဉ့်များသည် စပါးပင်နှင့်စိုက်ခင်းများ၊ မြစ်ရိုး၊ ချောင်းရိုးနှင့်ရွှံ့ညွန် မြေကြီးအောက်တွင် ကျက်စားတတ်သော သတ္တဝါများဖြစ်ကြပြီး ငါးရှဉ့်အဝယ်ဒိုင်များက မူဆယ်မှတစ်ဆင့်တရုတ်ပြည်သို့ စားသောက်ကုန်အဖြစ် နှစ်စဉ်တင်ပို့ရောင်းချသူ များပြားလာသည့်အပြင် စိုက်ပျိုးမြေများ၌ ဓာတ်မြေဩဇာနှင့်ပိုးသတ်ဆေး အလွန်အကျွံသုံးစွဲမှုများကြောင့်လည်း ငါးရှဉ့်မျိုးရှား လာသောကြောင့်ပြည်တွင်း၌ ငါးရှဉ့်မွေးမြူရေးလုပ်ကိုင်သူလည်း များပြားလာကြောင်းသိရသည်။

**Source:** မြန်မာတောင်သူကြီးများ ဂျာနယ်

http://htwettoe.com/article-details/news/9905868

## ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာလမှ ဇွန်လအထိ ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၁,၇၆၂ ဒသမ ၇၁ သန်း ရှိ



၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာလမှဇွန်လအထိ စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၈,၀၂၀ ဒသမ ၆၃ သန်း ဖြစ်ပြီး စုစုပေါင်း ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၁,၇၆၂ ဒသမ ၇၁ သန်း ဖြစ်ပေါ်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းက ဆင်ဟွာသို့ ဩဂုတ် ၂၂ ရက်တွင်ပြောသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာလမှ ဇွန်လအထိ မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇,၈၆၆ ဒသမ ၄၈ သန်းနှင့် နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅,၂၆၂ ဒသမ ၄၈ သန်း စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃,၁၂၈ ဒသမ ၉၆ သန်း ရှိကြောင်းသိရသည်။

ထိုကာလ၏ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂,၅၆၀ ဒသမ ၇၆ သန်းနှင့် နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂,၃၃၀ ဒသမ ၉၁ သန်း စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄,၈၉၁ ဒသမ ၆၇ သန်း ရှိကြောင်းသိရသည်။ “ကျွန်တော်တို့ COVID-19 ရောဂါဖြစ်ပွားတဲ့ကာလဖြစ်တဲ့အတွက် အိတ်စပို့ကနည်းသွားတယ်။ ဆေးဝါးတို့ လိုအပ်ပါအဝင် အရေးကြီးကုန်စည်တွေကိုတော့ ဒီကာလမှာ အလွယ်တကူသွင်းလို့ရအောင် ဆောင်ရွက်ပေးထားတဲ့အတွက် သွင်းကုန်ထက် ပို့ကုန်တန်ဖိုးကလျော့နည်းပြီး ကုန်သွယ်မှုလိုငွေပြခြင်းဖြစ်ပါတယ်” ဟုရှင်းပြသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဇွန်လတွင်လည်း ကုန်သွယ်မှုလိုငွေပြခဲ့ကြောင်းသိရသည်။ ဇွန်လတွင် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၅၀ ဒသမ ၇၄ သန်းနှင့် နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၃၇၀ ဒသမ ၅၉ သန်း စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၂၁ ဒသမ ၃၃ သန်း ရှိကြောင်း၊ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁,၁၃၂ ဒသမ ၄၇ သန်းနှင့် နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၇၅ ဒသမ ၁၅ သန်း စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁,၄၀၇ ဒသမ ၆၂ သန်းရှိကြောင်း၊ ထို့ကြောင့် ဇွန်လတွင် စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန် ဒေါ်လာ ၂၆၂၈ ဒသမ ၉၅ သန်းဖြစ်ပြီး၊ စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၁၈၆ ဒသမ ၂၉ သန်းဖြစ်ပေါ်ခဲ့ကြောင်းသိရသည်။

Source: https://www.facebook.com/XinhuaMyanmar/?brand_redir=338109312883186

## ကိုရိုနာဗိုင်းရပ်စ်၏သက်ရောက်မှုကြောင့် အရှေ့တောင်အာရှနိုင်ငံများ၏ စီးပွားရေးအခြေအနေကျဆင်းလျက်ရှိ

ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါပြန့်ပွားနေခြင်းကြောင့် အရှေ့တောင်အာရှနိုင်ငံများ၏ စီးပွားရေးသည် သိသိသာသာ ကျဆင်းလျက်ရှိနေပါကြောင်း၊ အရှေ့တောင်အာရှရှိ စီးပွားရေးအင်အားကောင်းမွန်သည့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အစိုးရများက ဧပြီလမှဇွန်လအထိ သုံးလပတ်အတွက် ၎င်းတို့နိုင်ငံများ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (GDP) ဆိုင်ရာ စာရင်းဇယားများကို ထုတ်ပြန်ခဲ့ကြကြောင်းသိရပါသည်။

အဆိုပါထုတ်ပြန်ချက်များအရ စင်္ကာပူနိုင်ငံ၏စီးပွားရေးသည် ယခင်နှစ်က အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၁၃.၂ % ကျဆင်းခဲ့ပြီး ၁၉၇၆ ခုနှစ် နောက်ပိုင်းတွင် အနိမ့်ဆုံးကျဆင်းမှုဖြစ်ပါကြောင်း၊ ထိုင်းနိုင်ငံ၏ စီးပွားရေးသည် ၁၂.၂ % ကျဆင်းခဲ့ပြီး အာရှငွေကြေးအကျပ်အတည်းကို ခံစားခဲ့ရသည့်အချိန်ဖြစ်သည့် ၁၉၉၈ ခုနှစ်နောက်ပိုင်း အဆိုးရွားဆုံးဖြစ်ပါကြောင်း၊ မလေးရှားနိုင်ငံ၏ စီးပွားရေးမှာ ၁၇.၁ % ကျဆင်းခဲ့ပြီး ဖိလစ်ပိုင်နိုင်ငံအနေဖြင့် ၁၆.၅ % စသည် ဖြင့် အသီးသီးကျဆင်းခဲ့ကြကြောင်း သိရပါသည်။

အင်ဒိုနီးရှားမှာမူ ၂၁ နှစ်တာကာလအတွင်း ပထမဦးဆုံးအကြိမ်အဖြစ် အနုတ် (-) ၅.၃ % သို့ရောက်ရှိကျဆင်းခဲ့ကြောင်း၊ ထိုသို့ကျဆင်းမှုများ၏ သက်ရောက်မှုအဖြစ် နိုင်ငံခြားငွေကြေး ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ယင်းဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရင်းနှီးမြှုပ်နှံမှုများစွန့်ခွာသွားနိုင်ပြီး အခြေအနေများဆိုးရွားလာစေနိုင်သည်ဟု စီးပွားရေးနှင့်ဈေးကွက်ဆိုင်ရာ ကျွမ်းကျင်သူများက သုံးသပ်နေကြပါသည်။

**Source: The Japan Times, The NHK World News**

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဂျပန်**

## အစိုးရမှ စူပါမားကတ်များ၌ ဈေးလျှော့ရောင်းရန် အစီအစဉ်သတ်မှတ်ခြင်း

ဟောင်ကောင်ဒေသရှိ လက်လီအရောင်းဆိုင်များဖြစ်သည့် Wellcome and Parknshop ဆိုင်များမှာ COVID-19 ကာလအတွင်း ရောင်းဝယ်မှုများ ကောင်းမွန်နေသော်လည်း ဒေသအစိုးရမှ အလုပ်သမားများအတွက် လစာသက်သာခွင့် အစီအစဉ်ပထမအဆင့်တွင် ဟောင်ကောင်ဒေါ်လာ (၁၀၀) မီလီယံစီ အသီးသီးရရှိခဲ့ကြောင်း၊ သို့ဖြစ်ရာ စက်တင်ဘာလနှင့် နိုဝင်ဘာလအတွင်း ထပ်မံထောက်ပံ့မည့် ဟောင်ကောင်ဒေါ်လာ (၈၁) ဘီလီယံကို ထပ်မံလျှောက်ထားမည်ဆိုပါက ၎င်းဆိုင်များအနေဖြင့် ပြည်သူများအတွက် ပစ္စည်းများကို ဈေးလျှော့ရောင်းချပေးရမည်ဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသ၌ ၂၀၂၀ ပြည့်နှစ်၊ ပထမ (၆) လအတွင်း လက်လီရောင်းချမှုမှာ (၃၃) ရာခိုင်နှုန်းကျဆင်းခဲ့သော်လည်း စူပါမားကတ်များမှာ COVID-19 ကာလ အတွင်း ရှင်သန်နေနိုင်သော ကဏ္ဍအချို့၌ပါဝင်ကြောင်း၊ စူပါမားကတ်များ၏ ရောင်းချရမှုများမှာ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတွင် (၁၁.၁) ရာခိုင်နှုန်း၊ မတ်လတွင် (၁၆.၁) ရာခိုင်နှုန်း၊ ဧပြီလတွင် (၁၄.၄) ရာခိုင်နှုန်း၊ မေလတွင် (၇.၃) ရာခိုင်နှုန်းနှင့် ဇွန်လတွင် (၄.၅) ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း၊ ဟောင်ကောင်ဒေသတွင် အလုပ်သမားများ အလုပ်မှရပ်ဆိုင်းခံရမှုကြောင့် မိဘများအနေဖြင့် ၎င်းတို့၏ခလေးများ စောင့်ရှောက်ရန်နှင့် စားဝတ်နေရေးအတွက် ပူပမ်နေရရာ အစိုးရအနေဖြင့် လူမှုစောင့်ရှောက်ရေးရန်ပုံငွေအဖြစ် ငွေသားထောက်ပံ့သည့်ဘောင်ချာများ ဝေမျှသင့်ကြောင်း ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၀ ရက်

နေ့ထုတ် South China Morning Post သတင်းစာ၌ Denis Tsang Jack Lau တို့က “ Government supermarket discount scheme under fire” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဟောင်ကောင်**

## ကိုရီးယားသမ္မတနိုင်ငံ၏ ၂၀၂၁ ခုနှစ်အတွက် တစ်နာရီလျှင်ရရှိမည့် အနိမ့်ဆုံးအခြေခံလုပ်ခလစာနှုန်းအား (၈၇၂၀) ဝမ်အဖြစ် (၁.၅) ရာခိုင်နှုန်းတိုးမြှင့်၍ သတ်မှတ်ရန်ဆုံးဖြတ်ခဲ့မှု

ကိုရီးယားသမ္မတနိုင်ငံ၊ အနိမ့်ဆုံးအခြေခံလစာနှုန်းထားသတ်မှတ်ရေးကော်မရှင် (Minimum Wages Commission-) သည် ၂၀၂၁ ခုနှစ်အတွက် တစ်နာရီလျှင် ရရှိမည့် အနိမ့်ဆုံး အခြေခံလုပ်ခ လစာနှုန်းအား (၈၇၂၀)ဝမ် (အမေရိကန်ဒေါ်လာ ၇.၂၆) အဖြစ် သတ်မှတ်ရန် ဆုံးဖြတ်ကြောင်း (၁၄-၇-၂၀၂၀) ရက်နေ့ နံနက်ပိုင်းတွင် Sejong Government Complex ၌ကျင်းပခဲ့သည့် MWC ၏ (၉) ကြိမ်မြောက် မျက်နှာစုံညီအစည်းအဝေးက ကြေညာခဲ့ပါသည်။ အဆိုပါနှုန်းထားသည် လက်ရှိ ၂၀၂၀ ပြည့်နှစ်၏နှုန်းထားထက် (၁.၅) ရာခိုင်နှုန်း၊ ငွေကြေးအားဖြင့် (၁၃၀) ဝမ်သာပိုမိုကြောင်း၊ COVID-19 ဆိုင်ရာ စီးပွားရေးအခက်အခဲကာလဖြစ်သည့်အတွက် ယင်းတိုးမြှင့်မှုနှုန်းထားသည် အနိမ့်ဆုံးအခြေခံ လုပ်ခလစာနှုန်းစနစ်ကို ကိုရီးယား သမ္မတနိုင်ငံတွင် စတင်ကျင့်သုံးခဲ့သည့် (၁၉၈၈) ခုနှစ်မှစ၍ လက်ရှိကာလအထိ သက်တမ်းတစ်လျှောက်တွင် အနိမ့်ဆုံးသော ရာခိုင်နှုန်းဖြင့် တိုးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

၂၀၁၉ ခုနှစ်တွင် ၂၀၂၀ ပြည့်နှစ်အတွက်နှုန်းထားအား ဆုံးဖြတ်ခဲ့စဉ်က (၂.၇) ရာခိုင်နှုန်းသာ တိုးမြှင့်ခဲ့သည့်အတွက် အာရှဘဏ္ဍာရေးအကျပ်အတည်း(၁၉၉၈)ခုနှစ်နောက်ပိုင်းတွင် အနိမ့်ဆုံးနှုန်းထားဖြင့် တိုးမြှင့်မှုဖြစ်ကြောင်း ဝေဖန်သုံးသပ်ခဲ့ကြသော်လည်း၊ ယခုနောက်ဆုံးနှုန်းထားတိုးမြှင့် သတ်မှတ်မှုရာခိုင်နှုန်းသည် ယင်းထက်ပင် ပိုမိုနည်းပါးသည့် သက်တမ်းတစ်လျှောက်တွင် အနိမ့်ဆုံးသောနှုန်းထားအဖြစ် စံချိန်တင်လျက်ရှိကြောင်း သိရှိရပါသည်။

အလုပ်သမားများ၏ ဝင်ငွေအဆင့်အတန်း မြင့်မားရေးသည်အရေးကြီးသည်မှာမှန်သော်လည်း၊ အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးသည် ပိုမိုအရေးကြီးကြောင်း၊ ယခုကဲ့သို့ COVID-19 ကပ်ရောဂါကြောင့် ကိုရီးယားသမ္မတနိုင်ငံအပါအဝင် ကမ္ဘာနှင့်အဝှမ်း၏စီးပွားရေးသည် မရေရာ မသေချာမှုများ ရင်ဆိုင်နေရသည့်ကာလမျိုးတွင် အလုပ်ရှင်၊ အလုပ်သမား နှစ်ဖက်မျှတစွာ စဉ်းစားဆုံးဖြတ်ရန်လိုအပ်ကြောင်း၊ ဤဆုံးဖြတ်မှုတွင် ၂၀၂၀ ပြည့်နှစ်အတွက် ၀.၁% အထိသာ အမြင့်ဆုံးတိုးတက်လာနိုင်သည့် စီးပွားရေးတိုးတက်မှုနှုန်းအခြေအနေ၊ ၀.၄ % တိုးတက်နိုင်သည့် Consumer Prices နှင့် ၁ % အထိ မြင့်တက်လာနိုင်သည့် လူနေမှုစရိတ်တို့ကိုလည်းထည့်သွင်း၍စဉ်းစားခဲ့ရကြောင်း Sookmyung Women's University ၏ Professor Kwon Soon-won က ထုတ်ဖော်ပြောကြားခဲ့ပါသည်။

အလုပ်သမားအရေးဆောင်ရွက်သူများဘက်ကမူ ယခုနှစ်ဆုံးဖြတ်သည့်နှုန်းထားသည် တိုးမြှင့်သည်ဟုမဆိုနိုင်အောင်ပင် အဆိုးရွားဆုံး နည်းပါးသည့်နှုန်းထားဖြစ်ပါကြောင်း၊ အာရှဘဏ္ဍာရေးအကျပ်အတည်းနှင့်ရင်ဆိုင်ခဲ့ရသည့် ၁၉၉၈ ခုနှစ်နှင့် ကမ္ဘာ့ဘဏ္ဍာရေးအကျပ်အတည်း နှင့်ရင်ဆိုင်ခဲ့ရသည့် ၂၀၁၀ ခုနှစ်များတွင်ပင် ဤမျှ မနိမ့်ပါးခဲ့ကြောင်း၊ ၁၉၉၈ ခုနှစ်တွင် (၂.၇) ရာခိုင် နှုန်း၊ ၂၀၁၀ ခုနှစ်တွင် (၂.၇၅) ရာခိုင်နှုန်းဖြင့် အသီးသီး တိုးမြှင့်ပေးနိုင်ခဲ့ကြောင်း ဝေဖန်ပြောဆိုလျက်ရှိကြပါသည်။

လုပ်ခနှုန်းထားအား လက်ရှိနှုန်းထားထက်လျှော့ချရန်(သို့မဟုတ်)တိုးမြှင့်မှုမပြုရန် ဆွေးနွေးခဲ့ကြသည့် စီးပွားရေးလုပ်ငန်းရှင်များအရေးဆောင်ရွက်သူများဘက်ကလည်း ယခုကဲ့သို့ (၁.၅) ရာခိုင်နှုန်းတိုးမြှင့်ခဲ့ခြင်းကို မကျေနပ်ကြဘဲ ရေရှည်တွင် အလုပ်ရှင်၊ စီးပွားရေးလုပ်ငန်းရှင်များအတွက်ဝန်ထုပ်ဝန်ပိုး ပိုမိုလာမည်ဖြစ်ပြီး၊ အစိုးရနှင့် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ဤ COVID-19 စီးပွားရေးအကျပ်အတည်းတွင် နိုင်ငံ၏စီးပွားရေးလုပ်ငန်းများမပြိုလဲစေဘဲ ရေရှည်လည်ပတ်နိုင်စေရေးအတွက် ထပ်ဆောင်းဆောင်ရွက်ပေးသင့်သည့် အစီအမံများကို ကြိုတင်စဉ်းစား၍ ပြင်ဆင်ထားသင့်ကြောင်း၊ ပြီးခဲ့သည့် (၃)နှစ် အတွင်း နှုန်းထားအား စုစုပေါင်း (၃၀) ရာခိုင် နှုန်းကျော် တိုးမြှင့်ပေးခဲ့သည့်အတွက် စီးပွားရေးလုပ်ငန်းများလည်ပတ်ရန် လွန်စွာခက်ခဲခဲ့ရသည်မှာ အများအသိပင်ဖြစ်ပြီး၊ ယခုကဲ့သို့ (၁.၅) ရာခိုင်နှုန်း ထပ်မံတိုးမြှင့်ပေးမည်ဖြစ်၍ စီးပွားရေးလုပ်ငန်းများအနေဖြင့် ရေရှည်ရပ်တည်နိုင်ရန် အလွန်အမင်းခက်ခဲလာမည်ဖြစ်ကြောင်း၊ ဤဆုံးဖြတ်ချက်သည်ငယ်ရွယ်သောအလုပ်အကိုင်အခွင့်အလမ်း ရှာဖွေနေသူများနှင့် နေ့စားအလုပ်သမားများ၏အလုပ်အကိုင်ရှားပါးမှု အခက်အခဲကို ပိုမိုတိုးမြှင့်ရာရောက်ကြောင်း စသဖြင့် The Federation of Korean Industries က သုံးသပ်ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

အစိုးရပိုင်းမှ တာဝန်ပေးထားသော ကိုယ်စားလှယ်များ၏ ဦးဆောင်မှုဖြင့်ဆောင်ရွက်ခဲ့သည့် ဤအနိမ့်ဆုံးအခြေခံလုပ်ခလစာနှုန်းထားသတ်မှတ်ရေးကိစ္စသည် သင့်လျော်သည့်ဆုံးဖြတ်ချက်ကို မြန်မြန်မရရှိနိုင်ခဲ့ဘဲ ကိန်းဂဏန်း Figures များ အပေါ်တွင် တွက်ချက်လျက် မကြာခဏ ဆုံးဖြတ်ချက်ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့ကြသည်ဟု The Korea Enterprises Federation ဝေဖန်ပြောဆိုခဲ့ပါသည်။ အလုပ်သမားအရေးဆောင်ရွက်သူများဘက်မှ မူလတွင် (၁၆.၄) ရာခိုင်နှုန်းအထိ တိုးမြှင့်လိုခဲ့ရာမှ (၉.၈) ရာခိုင်နှုန်းသို့ပြောင်းလဲခဲ့ပြီး၊ လုပ်ငန်းရှင်များအရေး ဆောင်ရွက်သူများဘက်မှ မူလက (၂.၁) ရာခိုင်နှုန်းအထိ လျှော့ချလိုခဲ့ရာမှ (၁) ရာခိုင်နှုန်းလျှော့ချရန် ပြောင်းလဲဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

အနိမ့်ဆုံးလုပ်ခလစာနှုန်းသတ်မှတ်ရေးဆိုင်ရာဥပဒေအရ အဆိုပါ ၂၀၂၁ ခုနှစ်အတွက် နှုန်းထားအသစ်အား အလုပ်သမားဝန်ကြီးမှ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ (၅)ရက်နေ့တွင် တရားဝင်ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပြီး၊ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့မှစတင်၍ အသက်ဝင်မည်ဖြစ်ရာ လက်ရှိတွင် သတ်မှတ်နှုန်းထားအောက်လျှော့နည်း၍ လုပ်ခလစာရရှိနေသော ဝန်ထမ်း (၄.၀၈) သန်းသည်လည်း ဤနှုန်းထားအသစ်နှင့်အကျုံးဝင်သဖြင့် အကျိုးခံစားခွင့်ရရှိနိုင်ကြောင်း သိရှိရပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဆိုးလ်မြို့**

## STOCK EXCHANGE (24.8.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 24th Aug. 2020


**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,900 | +0 | +0.00% | 9,900 | 9,900 | 9,800 | 1,554 | 15,291,200 | 27,112,747 | 268,416 |
| MTSH | 00002 | 3,750 | -50 | -1.32% | 3,800 | 3,800 | 3,750 | 2,724 | 10,224,350 | 38,929,150 | 145,984 |
| MCB | 00003 | 7,800 | -100 | -1.27% | 7,800 | 7,800 | 7,800 | 321 | 2,503,800 | 10,400,986 | 81,128 |
| FPB | 00004 | 21,500 | -500 | -2.27% | 21,500 | 21,500 | 21,500 | 188 | 4,042,000 | 2,472,053 | 53,149 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,800 | 2,800 | 2,700 | 524 | 1,422,400 | 12,823,224 | 35,264 |
| EFR | 00006 | 3,050 | -50 | -1.61% | 3,100 | 3,100 | 3,050 | 25 | 77,000 | 19,977,223 | 60,931 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 433.39 | -3.51 | -0.80% | 436.63 | 436.63 | 431.81 | 5,336 | 33,560,750 | 6 | 644,872 |

**Index chart**



## Market Overview

As of 1:00 pm, 24th Aug. 2020

| MYANPIX | 433.39 ▼ 3.51 |
|---|---|
| Total Volume (shares) | 5,336 |
| Total Value (MMK) | 34 mil |
| Listed Company | 6 |
| Market Cap. (MMK) | 644,872 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,900 | ▲ 0 |
| MTSH | 00002 | 3,750 | ▼ 50 |
| MCB | 00003 | 7,800 | ▼ 100 |
| FPB | 00004 | 21,500 | ▼ 500 |
| TMH | 00005 | 2,750 | ▲ 0 |
| EFR | 00006 | 3,050 | ▼ 50 |

TIR